ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြဝတီ နေ့စဉ်

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သူတစ်ပါးကို ဆိုဆုံးမသကဲ့သို့ မိမိ ပြုကျင့်ရာ၏။ မိမိကိုယ်ကိုပဲ့ပြင်ပြီးမှ သူတစ်ပါးတို့ကို ပဲ့ပြင်ရာ၏။ မိမိကိုယ်ကို ပဲ့ပြင်ခက်တတ်သည်။

ဓမ္မပဒ

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

the Myawady Daily

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆)၊ အမှတ်(၁၈၅)


# မြန်မာ-အိန္ဒိယ နယ်စပ်ဒေသလုံခြုံရေး၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နယူးဒေလီ အောက်တိုဘာ ၁၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီတို့သည် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Hyderabad House ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍ၊ နယ်စပ်ဒေသလုံခြုံရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကဏ္ဍ၊ နှစ်နိုင်ငံအကြား ဆက်လက်ဆောင်ရွက်ရန်ရှိသည့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Hyderabad House ၌ အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ♦



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီတို့ တွေ့ဆုံစဉ်။

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-အိန္ဒိယ စီးပွားရေးစကားဝိုင်းသို့ တက်ရောက်

စာ - ၆ သို့

- - - - - - - - - - -

## ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

စာ -၁၁ သို့

# နယ်စပ်တစ်လျှောက် လုံခြုံရေးထိန်းသိမ်းမှုသည် နယ်စပ်ဒေသစီးပွားရေးနှင့် လူမှုဘဝတိုးတက်စေရေးအတွက် အရေးပါသည်ဟု တူညီစွာရှုမြင်

**နေပြည်တော် အောက်တိုဘာ ၂၀**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၇ ရက်မှ ၁၉ ရက်ထိ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်းထုတ်ပြန်ကြေညာသည့် ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အိန္ဒိယသမ္မတနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း ထုတ်ပြန်ကြေညာသည့် ပူးတွဲကြေညာချက်**

၁။ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ်၊

စာမျက်နှာ ၉ ကော်လံ ၁ ➤

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚ C / | ၃၅˚ C |
| ရန်ကုန် | ၂၄˚ C / | ၃၃˚ C |
| မန္တလေး | ၂၄˚ C / | ၃၆˚ C |

- - - - - - - - - - - - - - -

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့




## အယ်ဒီတာ့ အာဘော်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်)

# အဖျက်သမားများကို ဖော်ထုတ်နှိမ်နင်း

မြန်မာမှုနယ်ပယ်တွင် အရိပ်ကိုလိုလျှင် နေပူကစောင့်ရသည်ဟု ဆိုရိုးစကားရှိသည်။ အရိပ်ကိုလိုသူသည် နေပူကမစောင့်လျှင် အရိပ်လာမည်မဟုတ်သကဲ့သို့ ကောင်းသော လုပ်ငန်းမှရရှိခံစားရမည့်ကောင်းကျိုးသုခအတွက် ကောင်းသောအကြံနှင့် မှန်သောလုံ့လ ဝီရိယတို့စိုက်မထုတ်လျှင် အချည်းနှီးသာဖြစ်ချေမည်။

လောက၌ ရှိပြီးသောအရာ၊ ရှိပြီးသောအခြေအနေကိုသာ ကျေနပ်နှစ်သိမ့်လျက် အကြံသစ်၊ ဉာဏ်သစ်တို့ဖြင့် တီထွင်ဖန်တီးမှုမရှိလျှင် တိုးတက်မှုရှိနိုင်မည်မဟုတ်ပေ။ တီထွင်ဖန်တီးမှုဆိုသည်မှာလည်း အခုရေတွင်းတူးပြီး အခုရေကြည်သောက်ရသည့်အခြေအနေမျိုးကို လူတိုင်းနှစ်သက်ကြသည်။ ထို့ကြောင့် ရေရှည်အကျိုးစီးပွားအတွက် ရည်ရွယ်လုပ်ကိုင်ကြသည်ထက် လတ်တလောအကျိုးရှိနိုင်မည့်လုပ်ငန်းများကို ရှာဖွေလုပ်ကိုင်တတ်ကြသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့်ဆိုသော် ကာလတိုစီမံကိန်းလုပ်ငန်းများပင်ဖြစ်သည်။ ပြည်သူများ လတ်တလောအကျိုးခံစားရမည့်လုပ်ငန်းစဉ်များကို ကာလတိုစီမံကိန်းများဖြင့်အကောင်အထည်ဖော်၍ ထိုမှတစ်ဆင့် ကာလလတ်၊ ကာလရှည်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ကြသည်။

နိုင်ငံတစ်နိုင်ငံအလျင်အမြန်ဖွံ့ဖြိုးရေးအတွက် တံခါးဖွင့်စီးပွားရေးမူဝါဒကိုကျင့်သုံး၍ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် အကောင်အထည်ဖော်ကြရသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် နိုင်ငံတစ်နိုင်ငံတွင်ရှိရမည့်အခြေအနေကောင်းများမှာ သယံဇာတအရင်းအမြစ်ကြွယ်ဝမှု၊ သမာသမတ်ကျပြီး မျှတသောရင်းနှီးမြှုပ်နှံမှုဥပဒေရှိမှု၊ လမ်း၊ တံတား၊ ရေ၊ မီး၊ ဆက်သွယ်ရေး စသည့်အခြေခံအဆောက်အဦများပြည့်စုံမှုတို့အပြင် နိုင်ငံရေးတည်ငြိမ်မှုရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖော်ပြခဲ့သောအခြေခံအဆောက်အဦများနှင့် သယံဇာတအရင်းအမြစ်များ ပြည့်စုံပြီးဖြစ်သော်လည်း နိုင်ငံရေးတည်ငြိမ်မှုရှိရန်လိုအပ်နေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက်တွင် သတင်းစာရှင်းလင်းပွဲကျင်းပစဉ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလားတူဖြစ်ရပ်မျိုးထပ်မံမဖြစ်ပွားစေရန် ကြိုတင်စီမံထားမှုများကို ရှင်းလင်းသည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း အကြမ်းဖက်တိုက်ဖျက်ရေးဌာနဖွဲ့စည်းထားပြီး ကာကွယ်ရေးနှင့်ချေမှုန်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စုဖွဲ့ပြင်ဆင်ထားပြီးဖြစ်သည်။ နိုင်ငံတော်တွင် အကြမ်းဖက်မှုများဖြစ်ပေါ်လာပါက တုံ့ပြန်နိုင်ရန် တပ်မတော်မှ အကြမ်းဖက်တိုက်ဖျက်ရေးလေ့ကျင့်ထားသည့်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

လောကနီတိလမ်းညွှန်မှုအရ မြွေသည်ဖျက်ဆီးတတ်၏။ လူမိုက်သည် ဖျက်ဆီးတတ်၏။ လူမိုက်က မြွေထက် ပို၍ဖျက်ဆီးနိုင်၏။ မြွေ၏အဖျက်ရန်ကို မန္တန်နှင့်ဆေးတို့ဖြင့် ပြေငြိမ်းအောင်ပြုနိုင်၏။ လူမိုက်၏ရန်ကိုကား အဘယ်မန္တန်အဘယ်ဆေးတို့ဖြင့် ပြုနိုင်ပါမည်နည်းဆိုသည်မှာ လူမိုက်ကိုရှောင်ကြဉ်ရန် တားမြစ်ထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမိုက်အားပေးမပြုရန် သတိထားကြဖို့ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူ့အကျိုးစီးပွားဖျက်ဆီးနေသူများနှင့် ထိုသူများကို အားပေးအားမြှောက်ပြုနေကြသူများအား အမြန်ဆုံးဖော်ထုတ်၍ ပြတ်ပြတ်သားသားနှိမ်နင်းကြမှသာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။ ။

# နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးထား နေရပ်ပြန်မည်ဆိုပါက စီစဉ်ဆောင်ရွက်ပေးသွားမည်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နေရပ်မှခေတ္တစွန့်ခွာလာသူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

စစ်တွေ အောက်တိုဘာ ၁၉

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများနှင့် လူမှုကွန်ရက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာလာသူများအား စောင့်ရှောက်ထားရှိမှုအခြေအနေနှင့် ၎င်းတို့နေရပ်သို့ပြန်နိုင်ရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးချပြခဲ့ပြီး နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်နေမှုများကို အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ဓမ္မာရာမကျောင်းတိုက်နှင့် ကုန်တန်းရပ်ကွက်ရှိ ဘုရားများ၊ သိမ်တို့တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှရောက်ရှိလာသည့် နေရပ်မှခေတ္တစွန့်ခွာလာသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မောင်တော၊ ဘူးသီးတောင်မြို့နယ်များအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးနေကြောင်း၊ လုံခြုံရေးအပြည့်အဝဆောင်ရွက်ထားရှိမှုကြောင့် တည်ငြိမ်အေးချမ်းနေပြီဖြစ်ကြောင်း၊ နေရပ်မှခေတ္တစွန့်ခွာလာသူများအနေဖြင့် မိမိတို့နေရပ်ပြန်မည်ဆိုပါက အဆင်ပြေချောမွေ့စွာပြန်နိုင်ရန် လုံခြုံရေးအပြည့်အဝစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလောစားနပ်ရိက္ခာများ၊ လိုအပ်ချက်များဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် နေရပ်မပြန်လိုသေးဘဲ မိမိတို့ရပ်ရွာနှင့်နီးသည့် ယာယီအခြေစိုက်စခန်းများတွင် ခေတ္တနေထိုင်လိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

# အောင်ပွဲရမြန်မာစီးပွားရေးကော်ပိုရေးရှင်း DAGON FC ဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆို

ရန်ကုန် အောက်တိုဘာ ၁၉

ဗီယက်နမ်နိုင်ငံ Viettel Group ကဦးစီးကျင်းပသော Viettel World Cup 2016 ပြိုင်ပွဲတွင် အောင်ပွဲရမြန်မာ DAGON FC အသင်းသည် ယနေ့ညနေပိုင်းတွင် Vietnam VN-956 လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှတာဝန်ရှိသူများ၊ Myanmar National Tele & Communication Co.,Ltd. မှ တာဝန်ရှိသူများ၊ DAGON FC ဘောလုံးအသင်းမှ တာဝန်ရှိသူများ၊ မိသားစုများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ဂုဏ်ပြုကြိုဆိုကြသည်။



အောင်ပွဲရမြန်မာ DAGON FC ဘောလုံးအသင်းအား တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

Viettel World Cup 2016 ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိရာ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ပီရူး၊ မိုဇမ်ဘစ်၊ ကင်မရွန်း၊ တန်ဇန်းနီးယား၊ ဟေတီ၊ ဘူရွန်ဒီးယား၊ တီမောလက်စ်တေနှင့် ဗီယက်နမ် စုစုပေါင်း ၁၁ နိုင်ငံမှ အသင်းပေါင်း ၁၇ သင်းဖြင့် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ အုပ်စု (A/B/C/D) ခွဲ၍ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အသင်းခေါင်းဆောင် ဦးသိန်းအောင်ခေါင်းဆောင်သောအဖွဲ့ဝင် အားကစားသမား ၁၃ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် DAGON FC ဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲပွဲစဉ်တစ်လျှောက် အနိုင်မခံအရှုံးမပေးအားကစားစိတ်ဓာတ်ဖြင့် အားကြိုးမာန်တက်ယှဉ်ပြိုင်ကစားခဲ့ခြင်းကြောင့် အုပ်စုပြိုင်ပွဲတွင် ပထမရရှိပြီး ကွာတားဖိုင်နယ်တွင် ဗီယက်နမ် D-4 အသင်းကို ၇ ဂိုး - ၂ ဂိုးဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် မိုဇမ်ဘစ်အသင်းကို ၄ ဂိုး - ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။ DAGON FC ဘောလုံးအသင်းသည် ဗီယက်နမ် B-2 အသင်းကို ၃ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရပြီး Viettel World Cup 2016 ဆုဖလားကိုဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။

သောင်းထွဋ်

# Residency Artist Program 2016 အစီအစဉ်စတင်ရန်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၉

စာရေးဆရာနှင့် ဆရာမများ စာပေအနုပညာများ ဖန်တီးနိုင်စေရေးအတွက် PEN Myanmar က Residency Artist Program 2016 အစီအစဉ်ကို စတင်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

PEN Myanmar ၏ Residency Artist Program 2016 အစီအစဉ်အတွက် အောက်တိုဘာလ ၁၇ ရက်က ရွေးချယ်ခံရသူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ စာရေးဆရာမစုမီအောင်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဇာတ်လမ်းဇာတ်ညွှန်းထူးခြားခြင်း၊ စာပေလောကကို တစ်စုံတစ်ရာအကျိုးပြုနိုင်မည့်လက်ရာများ ဖန်တီးပေးနိုင်မည့်သူဖြစ်ခြင်း၊ PEN Myanmar ၏ ဦးတည်ချက်တစ်ခုဖြစ်သော ရသစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်လွင်သောစာပေပုံစံသစ်တစ်ရပ်ပေါ်ထွန်းလာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်ရေး စသည့်အချက်များနှင့် ကိုက်ညီသူကိုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ရွေးချယ်ခံရသူအနေဖြင့် ရသမြောက်သောစာအုပ်တစ်အုပ် ထုတ်ဝေနိုင်ရေးအတွက် PEN Myanmar က ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုရသစာပေကိုလည်း Program ကာလအဖြစ် နိုဝင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ တစ်လကျော်အတွင်း ရေးသားရမည်ဖြစ်ကြောင်း သိရသည်။

kaykay



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့်အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ တို့ နှစ်နိုင်ငံဆွေးနွေး ခဲ့သည်များကို မီဒီယာများအား ပြောကြားစဉ်။

◆ ရှေ့ဖုံးမှအဆက်

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနားလည်မှုစာချွန်လွှာများလဲလှယ်ပွဲကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာ မိုဒီတို့၏ရှေ့မှောက်၌ မြန်မာနိုင်ငံ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အိန္ဒိယအာမခံဌာနတို့အကြားရေးထိုးသည့် မြန်မာနိုင်ငံ၏အာမခံလုပ်ငန်းအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ရေးအစီအစဉ်နှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ Insurance Institute of India မှ Secretary General Shri P. Venugopal တို့ကလည်းကောင်း၊ မြန်မာနိုင်ငံလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံလျှပ်စစ်ဝန်ကြီးဌာနတို့အကြားရေးထိုးသည့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ Ministry of power မှ Secretary Shri Pradeep Kumar Pujari တို့ကလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India တို့အကြားရေးထိုးသည့်နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံမှ Deputy Governor Reserve Bank of India၊ Shri S S Mundra တို့က လည်းကောင်း အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် သတင်းမီဒီယာများအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆွေးနွေးခဲ့သည်များကို ကောက်နုတ်ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hyderabad House ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ Palam လေတပ်စခန်း၌ အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်စ်အမ်တီနီရာမာလာစီသာရာမာန်၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များတွေ့ဆုံ



ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ-သိန်းဝင်း

နေပြည်တော် အောက်တိုဘာ ၁၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဝင်များနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

**ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနှင့်ရသေ့တောင်မြို့နယ်တို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်မှုနှင့် ၎င်းနောက်ဆက်လက်ဖြစ်ပေါ်သည့် အခြေအနေများ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာပြည်သူလူထုအတွက် စောင့်ရှောက်ကူညီမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့ တက်ရောက်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမြ၊ ဒေါက်တာသာလှရွှေ၊ မစ္စတာ ဂါဆန်ဆာလမ်၊ မစ္စလက်တီတီရာဗန်ဒန်အာဆမ်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်စောခင်တင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးကိုရွေးချယ်ကာ တရုတ်နိုင်ငံရှိတက္ကသိုလ်ငါးခုသို့ ပညာသင်စေလွှတ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

တရုတ်နိုင်ငံရှိ တက္ကသိုလ်ငါးခု၌ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပညာသင်စရိတ်ကင်းလွတ်ခွင့်နှင့် နေထိုင်စားသောက်စရိတ်ပံ့ပိုးကူညီမှုများဖြင့် ကျောင်းတက်ရောက်နိုင်ရန် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၀၀ ဦးကို ရွေးချယ်ထားကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ်ရှိ သက်မွေးပညာသင်တက္ကသိုလ်နှင့် ကောလိပ်ငါးခုသို့ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးကို သက်မွေးပညာ ဒီပလိုမာသုံးနှစ်သင်တန်းများသို့ တက်ရောက်နိုင်ရန်ကျောင်းလခနှင့် အဆောင်ကြေးများကို ပြည်နယ်ပညာရေးဌာနမှ လည်းကောင်း၊ စာအုပ်စာတမ်း၊ စားသောက်စရိတ်နှင့် အသွားအပြန်လေယာဉ်စရိတ်တို့ကို တရုတ်-မြန်မာချစ်ကြည်ရေးအသင်း နှစ်သင်းတို့ကလည်းကောင်း ကျခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူများမှာ တက္ကသိုလ်များ၌ တက်ရောက်နေသူများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ပြင်ပတွင် အလုပ်လုပ်နေသူများနှင့် ကျန်းမာရေးကောင်းမွန်သူများ လျှောက်ထားနိုင်သည့်အပြင် ပြင်ပမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများလည်းပါဝင်ကြောင်း သိရသည်။

တက်ရောက်ခွင့်ရရှိမည့်တက္ကသိုလ်များမှာ Nanjing Institute of Industry Technology၊ Chang Zhou Vocational Institute of Engineering၊ Yangzhou Polytechnic Institute၊ Jiangsu Agri-animal Husbandry Vocational College နှင့် Suzhou Health College တို့ဖြစ်ပြီး သုံးနှစ်ပညာသင်ကြားရမည်ဖြစ်ကြောင်း၊ ဒီပလိုမာရရှိပြီး အဆင့်မီသူများသည် ဘွဲ့သင်တန်းအတွက် နှစ်နှစ်ထပ်မံတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ဇေကီ



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-အိန္ဒိယ စီးပွားရေးစကားဝိုင်းသို့တက်ရောက်

နယူးဒေလီ အောက်တိုဘာ ၁၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ITC MAURYA Hotel ၌ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနနှင့် Confederation of India Industry တို့ပူးပေါင်းကျင်းပသည့် မြန်မာ-အိန္ဒိယ စီးပွားရေးစကားဝိုင်း (Business Roundtable)သို့ တက်ရောက်သည်။

အဆိုပါစကားဝိုင်းသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ Minister of State Dr. V.K. Singh နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စကားဝိုင်းတွင် Confederation of India Industry Director General၊ Mr. Chandrajit Banerjee၊ Confederation of India Industry President၊ Dr. Naushad Forbes၊ Minister of State Dr. V.K. Singh တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)




မြန်မာ-အိန္ဒိယ စီးပွားရေးစကားဝိုင်း ကျင်းပစဉ်။

# သတင်းအချက်အလက်ရယူခြင်းနှင့်ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့တွေ့ဆုံပွဲသည် မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့တွေ့ဆုံပွဲဟုပြော၍ရကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့သည်။

သတင်းသမားတစ်ဦးအနေဖြင့် သူများမသိသေးသည်ကို သိအောင်လုပ်နိုင်လျှင် အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းသမားက သတင်းကိုရနိုင်သမျှ စုဆောင်းမည်ဖြစ်ပြီး ပြည်သူကို သတင်းပေးမည်ဖြစ်ကြောင်း၊ သတင်းသမားသည် သတင်းနှင့်ပတ်သက်၍ မည်သည့်အခါမှ မတင်းတိမ်ကြောင်း၊ မိမိတို့အစိုးရဌာနဆိုင်ရာများ အနေဖြင့်လည်း အများပြည်သူကို သတင်းအချက်အလက်များပေးရန် တာဝန်ရှိကြောင်း၊ သတင်းသမားများအနေဖြင့် မဏ္ဍိုင်သုံးရပ်ကို ထောက်ပြဝေဖန်နိုင်ရန် မိမိတို့၏အားနည်းချက်များကိုလည်း ဖော်ထုတ်ရန်ကြိုးစားမည်ဖြစ်ကြောင်း၊ မိမိတို့၏ အားသာချက်မှာ အချက်အလက်များကို စုဆောင်းထားပြီး မိမိတို့ပြောလိုသည့်အချက်များ၊ ပေးလိုသည့် သတင်းစကားများကို မေးမြန်းချိန်တွင် ထည့်သွင်းပြောဆိုနိုင်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သောစိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကောင်စီဝင်များ တက်ရောက်ကြသည်။

ယနေ့ပြုလုပ်သည့်အခမ်းအနားတွင် ရလဒ် ၂၁ ချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအချက်များမှာ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များအနေဖြင့် ဌာနတစ်ခုလုံး၏ ဆောင်ရွက်ချက်အချက်အလက်များကိုသိရှိထားရန်၊ သတင်းမီဒီယာများအနေဖြင့် ပြောသည့်အတိုင်းမဟုတ်ဘဲ လိုချင်သည့်အပိုင်းကိုဖြတ်ယူပြီး သတင်းဖတ်သူအနေဖြင့် အဓိပ္ပာယ်ကောက်လွဲနိုင်သည့် ရေးသားခြင်းမျိုးမပြုလုပ်ရန်၊ အစိုးရအဖွဲ့နှင့် မီဒီယာအကြားယုံကြည်မှုတည်ဆောက်ရန် ဝန်ကြီးဌာနများကပြုလုပ်သည့်အစည်းအဝေး၊ ဆွေးနွေးပွဲ၊ ပြည်ပစည့်သည်များနှင့်တွေ့ဆုံပွဲများတွင် ခန်းမအခြေအနေ၊ လုံခြုံမှုအရ မီဒီယာသမားကန့်သတ်မှုများကို ညှိနှိုင်းဖြေရှင်းပေးရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ Website များတွင် မီဒီယာသမားများမေးတတ်သည့်သတင်းမျိုးကို အချိန်နှင့်တစ်ပြေးညီ တင်ပေးထားရန်၊ တရားလွှတ်တော်ချုပ်နှင့် တရားရုံးတိုင်းတွင် တရားဝင်သတင်းထောက်များခန့်အပ်ပေးရေး၊ အစည်းအဝေးတက်ရောက်လာသူမှတစ်ဆင့် သက်ဆိုင်ရာဌာနအကြီးအကဲများသို့ ကြိုတင်တင်ပြပေးရန်၊ ပြည်သူများသိသင့်သည့် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊ တရားရုံးပရိဝုဏ်အတွင်းတွင် အမှုစွပ်စွဲသူနှင့်စွပ်စွဲခံရသူတို့ကို တွေ့ဆုံမေးမြန်းခြင်းပြုလုပ်လိုပါက ရုံးအကြီးအကဲ၏ခွင့်ပြုချက်ရယူဆောင်ရွက်ရန်တို့အပါအဝင် အချက်များဖြစ်သည်။

(သတင်းစဉ်)

## မိုးလေဝသ သတင်း




## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် အောက်တိုဘာ ၁၉

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ ၈လ)

# စီးဆင်းရစ်လေဦး . . . ဧရာဝတီ (ပထမပိုင်း)

ထီလာစစ်သူ

**မောင်စစ်ထဲဝင်တာက တိုင်းပြည်အေးချမ်းဖို့ပဲ။ လွတ်လပ်ရေးကို တည်တံ့အောင်၊ အဓွန့်ရှည်အောင် တိုက်ခိုက်ဦးမယ်။ မောင်စစ်ထဲဝင်တာ ယုံကြည်ချက်နဲ့ပဲ။ တိုင်းပြည်အေးရင် စစ်ထဲကထွက်ပြီး စာရေးဆရာ၊ သတင်းစာဆရာ လုပ်စားမယ်စိတ်ကူးတယ်။ ပြည်တွင်းစစ်က တော်တော်နဲ့တော့ အေးမယ်မထင်ဘူး။ အေးချမ်းတဲ့အခါ. . .**

## အခန်းဆက်ဖော်ပြချက်

"ဒါတော့ဒါပေါ့ မောင်၊ ဒါပေမဲ့ ကိုဟိန်းက စာအများကြီးတတ်တာပဲ"

"ဖြည်းဖြည်းပေါ့ကွယ်၊ မောင်လည်း အလုပ်ကြိုးစားလုပ်ပါတယ်။ ဒါနဲ့ မိုး မောင်တို့အရေးက ဘယ်လိုလဲ သိချင်တယ်။ အဘိုးကြီး၊ အဘွားကြီးတွေ သဘောက တော့ ဘယ်လိုပြောသလဲ"

"မိုးကတော့ အဘွားကြီးကို ပြောထားကြည့်တယ်၊ သိပ်သဘောတူပုံမရဘူး။ စိတ်ပျက်သွားသလား မောင်၊ စိတ်မပျက်ပါနဲ့။ မောင့်ဘက်မှာ မိုးတစ်ယောက်လုံးရှိပါတယ်။ သူတို့က ကုန်သည်ဆိုတော့ ကုန်သည်စိတ်ရှိတာပေါ့။ အမှုထမ်းလခစား သိပ်မလိုလားဘူး။ မောင်က ဒီကြားထဲမှာ စစ်သားဖြစ်နေတော့ သဘောတူဖို့ရာ ပိုခက်တာပေါ့။ ဒါပေမဲ့ စောပါသေးတယ်မောင်ရယ်။ မောင်က တူနှစ်ကိုယ်နီးချင်ပြီလား။ ဟင်း. . . လောမနေနဲ့ဦး ဆရာကြီးရဲ့။ အချိန်တွေ အများကြီးရှိသေးတယ်"

"သိပါတယ် မိုး၊ မိုးကိုစိတ်မချလို့ မဟုတ်ပါဘူး။ အဘိုးကြီး၊ အဘွားကြီးဆီက သဘောထားသိထားရရင် တော်ပါပြီ။ အခုလည်း မိုးရော မောင်ရော စာသင်ရဦးမယ်၊ အလုပ်လုပ်ရဦးမယ် မဟုတ်လား။ နေ့ချင်းညချင်း နီးဖို့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ကြိုတင်ပြင်ဆင်မှုရှိမှ ကောင်းမယ်မဟုတ်လား"

ဟိန်းသည် ပြတင်းပေါက်ကိုကျော်၍ကြည့်ရင်း ဖြည်းဖြည်းချင်းပြောလိုက်သည်။

မိုးသည် မေးထောက်လျက်ထိုင်ကာ နားထောင်နေ၏။

"မိုး. . . တက္ကသိုလ်ကျရင် ဘာယူမလဲ။ ဘယ်ဘာသာတွေ စဉ်းစားထားသလဲ"

"မိုးလား မောင်၊ မိုး ဆရာဝန်မ လုပ်မလို့လေ။ မကောင်းဘူးလားမောင်"

"ကောင်းသားပဲ၊ တိုင်းပြည်မှာ ဆရာဝန်တွေလိုနေတာ အတော်ပဲ။ ကိုဟိန်းတို့တိုင်းပြည်က ဆေးဝါးချို့တဲ့တယ်။ ကျန်းမာရေးမကောင်းကြဘူး။ အဆင့်အတန်းနိမ့်ကျလှတယ်။ တောသူတောင်သား ဆင်းရဲသားတွေဟာ ဆေးဝါးကုသမှုမရသလောက်ဘဲ။ အညာဘက်မှာဆိုရင် မျက်ခမ်းစပ်ရောဂါတွေ သိပ်များတယ်။ ဒီရောဂါထားပါဦးတော့လေ။ သားဖွားတဲ့ကိစ္စတောင် လွယ်လွယ်ကူကူ မဖြစ်ခဲ့ကြရှာဘူး။ ကျေးရွာဝမ်းဆွဲသည်တွေနဲ့ပဲ စခန်းသွားနေကြရတယ်။ ကုသိုလ်လည်းရတာပေါ့"

"မောင်ပြောတာ မှန်ပါတယ်။ မိုးလည်း တတ်နိုင်တဲ့ဘက်က ဆေးဝါးကုဖို့ စေတနာထားပါတယ်။ မေမေနဲ့ ဖေဖေကလည်း သဘောတူပါတယ်။ စာတော့ သိပ်ကြိုးစားရမယ် မောင်။ ပြီးတော့ ခုနစ်နှစ်တောင်ကြာတယ်။ မောင်စောင့်နိုင်ပါ့မလား။ တော်တော်ကြာ သူက အသစ်တွေ့သွားမှဖြင့် အချစ်ကိုမေ့သွားမယ်။ ဟင်းနော်. . . ဒါပဲ"

"စောင့်နိုင်ပါတယ် မိုးလေးရာ။ အသစ်တွေ့တော့ကော ဘာဖြစ်သလဲ။ အသစ်ဆိုတာ နေ့တိုင်းတွေ့ရတာပဲ။ မောင်မှ စိတ်မပြောင်းဘဲဟာကို။ မောင်က အရေးမကြီးပါဘူး။ မိုးသာ ဆရာဝန်မကြီးဖြစ်သွားရင်သာ မောင့်ကိုမေ့သွားမှာပါ။ မောင်က သာမန်စစ်သားလေးပဲ။ မောင့်ဘဝက တပ်ကြပ်ကြီးလောက်ပဲ ရည်မှန်းထားတယ်"

"မောင်ဘယ်လိုပြောတာလဲ။ မိုးဟာ ခေါင်းမာတဲ့သူပါ။ အေးလေ. . . တစ်နေ့တော့ မောင်သိမှာပါပဲ။ ချစ်ခြင်းမေတ္တာရဲ့ အတိမ်အနက်ကို ကာလကြာမြင့်ခြင်းနဲ့ သစ္စာတရားက အဆုံးအဖြတ်ပေးမှာပါ။ ဘဝဆိုတာ မေတ္တာတရားနဲ့ နှောင်ဖွဲ့ထားတာပါမောင်ရယ်။ မေတ္တာတရားကင်းမဲ့ပြီး အသက်ရှင်နေရရင် သေတာနဲ့ဘာထူးသေးလဲ။ မောင်စာမေးပွဲအောင်တဲ့အကြောင်း မေမေ့ကို ပြောထားပြီးပြီ။ မောင်လည်း အလုပ်ကို ကြိုးစားပေါ့။ ရာထူးဂုဏ်မက်လို့ မဟုတ်ပါဘူး။ လူရှိသေ၊ ရှင်ရိုသေဖြစ်အောင်လို့ပါ။ ပြီးတော့ မောင့်ပညာအဆင့်အတန်းကလည်း နည်းတာမှမဟုတ်ဘဲကို"

"မောင်လား. . . မောင် ဘီအေအောင်အောင်တော့ ကြိုးစားမှာပေါ့ မိုးရယ်။ ပညာရေးကို အလေးပေးပြီး နေလို့တော့မဖြစ်ဘူး။ တစ်ဖက်က တာဝန်ကရှိသေးတယ်။ သည်လိုပဲ တိုက်ရင်းခိုက်ရင်းနဲ့ စာမေးပွဲဖြေသွားမှာပေါ့။ မောင်စစ်ထဲဝင်တာက တိုင်းပြည်အေးချမ်းဖို့ပဲ။ လွတ်လပ်ရေးကို တည်တံ့အောင်၊ အဓွန့်ရှည်အောင် တိုက်ခိုက်ဦးမယ်။ မောင်စစ်ထဲဝင်တာ ယုံကြည်ချက်နဲ့ပဲ။ တိုင်းပြည်အေးရင် စစ်ထဲကထွက်ပြီး စာရေးဆရာ၊ သတင်းစာဆရာ လုပ်စားမယ်စိတ်ကူးတယ်။ ပြည်တွင်းစစ်က တော်တော်နဲ့တော့ အေးမယ်မထင်ဘူး။ အေးချမ်းတဲ့အခါပေါ့လေ။ မောင်စစ်ထဲကထွက်ပြီး ကလောင်ကိုင်အသက်မွေးမှာပါ။ သိပ်ပြီး ကြီးကြီးကျယ်ကျယ်လည်း မဖြစ်ချင်ပါဘူး။ သစ်ပင်မြင့်မြင့်တက်လေ လေပြင်းပြင်းအတိုက်ခံရလေပဲ။ သစ်ပင်ထိပ်ပိုင်းဆိုတာ မခိုင်ခံ့ဘူး။ မခိုင်မြဲဘူး။ သစ်ပင်အလယ်ခွဆုံဆိုရင် ကောင်းတယ်။ လေဘယ်လောက်တိုက်တိုက် ဘာမှမဖြစ်နိုင်ဘူး။ ဒါကြောင့် ထိပ်တန်းတော့ မဖြစ်ချင်ပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲမောင်။ စွန့်စွန့်စားစား လုပ်မှ ယောကျ်ားပီသတာပဲ။ ဘဝဆိုတာ တိုက်ပွဲတဲ့ မောင်ရဲ့။ မောင်ပဲပြောတာပဲ မဟုတ်လား။ လုပ်ပါ မောင်ရာ လုပ်ရဲခံရဲရမပေါ့။ ပြီးတော့ လုပ်ရဲရင် စံရဲရပေမပေါ့"

"ကောင်းပါပြီတဲ့ဗျာ။ ကြိုးစားပါ့မယ်။ ကဲ. . . ကိုဟိန်းပြန်ဦးမယ်။ မိရွှေမိုး ဘာပြောစရာရှိသေးလဲ။ တပ်မပြန်ခင် မြို့ထဲမှာ စာအုပ်တွေရှာဝယ်ရဦးမယ်၊ မောင်တော့ မိုးမိုးအိုင်အေပဲ ဖြေတော့မယ်။ လောဂျစ်ရယ်၊ ရာဇဝင်ရယ်၊ အပိုမြန်မာစာရယ် ဒါပဲယူနိုင်မယ်"

"မောင်တတ်နိုင်တာ၊ မောင်ဖတ်နိုင်တာ ယူပေါ့မောင်။ မိုးပြောစရာ ထွေထွေထူးထူးမရှိတော့ပါဘူး။ ဘဝဆိုတာ အလုပ်လုပ်နေရရင် တိုးတက်ကြီးပွားမှာပါပဲ။ မောင့်အစွမ်းအစကို မိုးယုံကြည်ပါတယ်။ မောင် ဘယ်တော့လာဦးမလဲ"

"မောင်တော့ မပြောတတ်သေးဘူး။ ဪ. . . ဒါနဲ့ မိုးတက္ကသိုလ်တက်ရင် အိမ်ကနေတက်မလား၊ ကျောင်းဆောင်ကနေ တက်မလား"

"မိုးလား. . . ကျောင်းဆောင်ကနေ တက်မယ်လို့ စိတ်ကူးတာပဲ။ ကားတော့ရှိတယ်၊ ဒါပေမဲ့ နေ့တိုင်း ကားနဲ့ကျောင်းမလာချင်ပါဘူး။ တကူးတက လာနေရမှာ။ ကျောင်းဆောင်နေတော့ ပိုပြီးအချိန်ရမယ်။ ဒီလိုင်မြစ်ကမ်းနား ပြန်ရလာရတာ မောင်လည်းအသိသားပဲ။ ခရီးက အတော်ထောက်သား မောင်ရဲ့"

"အေးလေ. . . ကျောင်းဆောင်ဆိုတော့ လာတွေ့လို့ လွယ်တာပေါ့"

"အံမယ်. . . သူက ဒါလောက်ပဲ စိတ်ကူးနေတာကိုး။ လက်စသတ်တော့ သူများဆီလာတွေ့ဖို့ရာ ကြံစည်နေတာပါကလား။ တကယ့်ပညာရှင်ကြီးပဲ။ စာမေးပွဲတော့ အားကြီး အောင်ပါလိမ့်မယ်"

"ဟဲ. . . ဟဲ. . . ဟဲ. . . ဒါပေါ့ မိုးလေးရ ကိုယ့်ဟာကိုယ် လာနိုင်တဲ့အချိန်လာရအောင် စဉ်းစားထားရတာပေါ့။ ဒါဖြင့် ကျောင်းဖွင့်ရင် တစ်ခေါက်လာဦးမယ်။ တကယ်လို့ မောင်မလာနိုင်ရင် စာထည့်လိုက်နော်။ လိပ်စာလည်း အပြည့်အစုံထည့်ပေးလိုက်ပေါ့။ ဖွန်လဆန်းရင် တက္ကသိုလ်ကျောင်းလည်း ဖွင့်တော့မှာပဲ။ စာရင်းသွင်းဖို့ မောင်လည်းလုပ်ရဦးမယ်"

"မောင့်လိပ်စာ မိုးကိုရေးပေးခဲ့လေ။"

"ဟုတ်သားပဲ၊ စာထည့်ရတာပေါ့"

ဟိန်းသည် လိပ်စာရေးပေးပြီးနောက် မိုးအားနှုတ်ဆက်၍ ထွက်ခဲ့၏။ မြို့ထဲရောက်လျှင် စာအုပ်ဆိုင်သို့ လာခဲ့သည်။ စမတ်အင်မုကာဒမ် စာအုပ်ဆိုင်ကြီးသို့ဝင်၍ စာအုပ်များကောင်းနိုးရာရာ ဝယ်လိုက်သည်။ ထို့နောက် ဟံသာဝတီစာအုပ်တိုက်သို့ ဆက်ထွက်ခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

## မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများဆွေးနွေး



မြိတ် အောက်တိုဘာ ၁၉

မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက်ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်သူများမှပြည်သူများ၏ လိုလားချက်များကို တက်ကြွစွာပါဝင်ကြရန်၊ ဒေသ၏ကုန်သွယ်မှုမြှင့်တင်ရေး လမ်းတံတား၊ လျှပ်စစ်မီးနှင့်ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို အကောင်းဆုံးဖြစ်စေရေး ဆွေးနွေးပေးကြရန်ပြောကြားသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် အလုပ်ရုံဆွေးနွေးပွဲများကို သက်ဆိုင်ရာကော်မတီအသီးသီး၌ ကျင်းပရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မိဝ၁)

## မူခင်းဖြစ်ပွားမှုကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မြစ်ကြီးနား အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာရှိ စိန်ဖရန်စစ်ဇေးဗီးယားမိဘမဲ့ကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေ့ဦးစွာ အမှတ်(၁၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်လှိုင်စိုးက လူမှောင်ခိုလူကုန်ကူးမှုအဓိပ္ပာယ်၊ လူမှောင်ခို လူကုန်ကူးမှုဖြစ်ပွားရသည့် အခြေခံအကြောင်းရင်းများ၊ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှောင်ခိုလူကုန်ကူးမှု ဖြစ်ပွားမှုနှုန်းများနှင့် မြန်မာနိုင်ငံတွင် လူမှောင်ခိုလူကုန်ကူးမှုဖြစ်ပွားနေသည့် အခြေအနေများ၊ လူမှောင်ခိုလူကုန်ကူးမှု မဖြစ်ပွားစေရေး ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ရဲမျိုးသန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားသည့် အခြေအနေများ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းများကြောင့် ယာဉ်နှင့်လူ ထိခိုက်ပျက်စီးဆုံးရှုံးနစ်နာမှုများ၊ ယာဉ်မောင်းနှင်စီးနင်းစဉ် လိုက်နာရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် လက်ထောက်ကျောင်းအုပ် ဆရာမဒေါ်ထုလွမ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။

(၄၀၃)

## စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေး

ခင်ဦး အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးပြန့်ပွားမှုမရှိစေရေး စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို ခင်ဦးမြို့နယ်ကံသစ်ကျေးရွာ တောင်သူ ဒေါ်ခင်မာဌေး၏ ကွင်းအမှတ်(၂၄၁၃)၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းသင်းကြူ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသန့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တီလားပီးယားကောင်ရေ ၁၆၂၅၀ နှင့် ငါးခုံးမကောင်ရေ ၁၆၂၅၀ စုစုပေါင်း ငါးကောင်ရေ ၃၂၅၀၀ ကို လယ်မြေ ၆၅ ဧကအတွင်း စိုက်ထည့်ပေးကြကြောင်း သိရသည်။

**စံကျော်အုန်း(ခင်ဦး)**

www.facebook.com/themyawadydaily



# အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များ မူလကိန်းဝပ်စံပယ်တော်မူသည့် ရတနာစံကျောင်းတော်ကြီးသို့ ကျောင်းတော်ဝင်ပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၉

အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် ရတနာစံကျောင်းတော်ကြီးသို့ ကျောင်းတော်ဝင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြသည်။

ဦးစွာ အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များကို ကရဝိက်ဖောင်ပေါ်မှရတနာစံကျောင်းတော်ကြီးဆီသို့ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ရွှေဝေါယာဉ်ဖြင့် အသီးသီးပင့်ဆောင်ကြပြီး ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများကပ်လှူပူဇော်ကြသည်။



အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များအား ရတနာစံကျောင်းတော်ကြီးသို့ ပင့်ဆောင်စဉ်။

ထို့နောက် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များ ကျောင်းတော်ဝင်ပွဲ၌ ပြုလုပ်သည့် အင်းသားရိုးရာလှေလှော်ပွဲကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများအားတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြသည်။

အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ရှင်တော်မြတ်များသည် အောက်တိုဘာ ၂ ရက်မှ ၁၉ ရက်အထိ အင်းလေးဒေသ ၂၁ ဌာနသို့ လှည့်လည်ကြွချီအပူဇော်ခံခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေ့လာရေးခရီးလာရောက်သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာသင်သားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်



နေပြည်တော် အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နယ်မြေအတွင်း လေ့လာရေးခရီးလာရောက်ခဲ့သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ သာသနာ့တက္ကသိုလ်မဟာစရိယတန်း(ဒုတိယနှစ်)စာသင်သားသံဃာတော်များအား အောက်တိုဘာ ၁၈ ရက်တွင် ပြည်တပ်နယ်ရှိ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများက တပ်နယ်နဝဒေးခန်းမ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ပြည်တပ်နယ်ရှိ နယ်မြေခံတပ်မတော်သားများက စာသင်သားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# ကျိုက်မရောမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ ဘားအံမြို့နယ် ပြည်သူ့စစ်အဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကလိုင်းကနိုင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွားရောဂါ၊ အရိုး/အကြောရောဂါ၊ နှလုံးရောဂါ၊ ကလေးရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ၁၉၄ ဦးတို့ကို ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူများအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သုတ/ရသ စာအုပ်စာစောင်များပေးအပ်သည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့ပြင် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းကလည်း ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှ ပြည်သူ့စစ်အဖွဲ့ဝင်များအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အိန္ဒူကျေးရွာရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ပြည်သူ့စစ်အဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို အက အရေး အတီးပြိုင်ပွဲ ဂုဏ်ပြုကဗျာ

# ပြည့်ဂုဏ်လျှံကဲ ဆိုကရေးတီးပြိုင်ပွဲ

- ညီနောင်သွေးချင်း တိုင်းရင်းသားစုံစွာ
  ရိုးရာယဉ်ကျေးမှု ပေါင်းစုဖော်ကာ
  အနုပညာ စဉ်လာမယွင်း
  ဆိုကရေးတီး ပြိုင်ပွဲကြီး
  အံ့ချီးဆင်နွှဲ ကျင်းသည်နှင့်လေး။
- ပြည်ထောင်သားချင်း ပြိုင်ခြင်းမြိုင်ဆိုင်
  ဆိုရေးတီးက ရသစုံပိုင်
  သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ပျော်မဆုံး
  ရိုးရာဓလေ့ ခုံမင်မွေ့
  မမေ့ရှင်ကြည် ပြုံးသည်နှင့်လေး။
- အေးချမ်းနှလုံး အမုန်းကင်းစင်
  သံစဉ်စည်းဝါး မမှားပြိုင်ယှဉ်
  သုခမသဘင် ဆန်းထွင်ကကြိုး
  ပြည်ရွာကျိုးပြု တေးယဉ်နု
  ရေမှုစွမ်းပြိုင် ကြိုးသည်နှင့်လေး။
- ပြည့်ဂုဏ်မညိုး ရှေးရိုးစဉ်လာ
  ပြည်ပယဉ်ကျေးမှု ဖောက်မှုကွယ်ကာ
  နိုင်ငံ့သိက္ခာ ဂုဏ်ဝါထိန်းသိမ်း
  ရိုးရာအမွေ ကမ်းဆင့်ဝေ
  တို့မြေ(ပြည်) တည်တံ့ငြိမ်းသည်နှင့်လေး။
- မေတ္တာရည်လိမ်း ပိုက်သိမ်းပြည်မြန်
  နောက်ခံသမိုင်း ယှဉ်နှိုင်းဂုဏ်လျှံ
  ယဉ်ကျေးနိုင်ငံ ပြိုင်စံတုကင်း
  မြေပြန့်တောင်ပေါ် ဆွေရင်းဖော်
  ရွှင်ပျော်မျိုးမွေ ရင်းသည်နှင့်လေး။
- တိုင်းရင်းသားချင်း ယဉ်ကျေးစိတ်တူ
  ရိုးရာဓလေ့ ပျော်မွေ့ဂုဏ်ယူ
  စာနာကြည်ဖြူ ပေါင်းကူလက်တွဲ
  မြန်မာတိုင်းရင်းသား မြတ်စိတ်ထား
  ဘိုးဘွားအမွေပွဲ နွှဲသည်နှင့်လေး။
- ဆိုကရေးတီးပွဲတော်ကြီး ဆင်နွှဲဖော်ဆောင်
  ပြည့်ဂုဏ်ရောင်လျှမ်းတော့သည်။
  ညီနောင်သားချင်းသွေးချင်းနီး လက်တွဲတည်ထောင်
  တို့ပြည်ထောင်တစ်ဝန်းပေါ့အတည်။ ။

မောင်မင်းသိမ်း(သရက်)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၁၆ ခုနှစ်၊ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်(ပျဉ်းမနား)ရှိ ပေါင်းလောင်းအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။




**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။**

အဆိုပါတိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၆ သင်း၊ အမျိုးသမီးအသင်း ၂၆ သင်းဖြင့် အောက်တိုဘာ ၂၆ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




# ကျောက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များအား တွေ့ဆုံ



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် ကျောက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်က ကျောက်ကြီးတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့်ကျောက်ကြီးတပ်နယ်မှ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ မျက်စိရောဂါ၊ အရိုး/အကြောရောဂါ၊ သွားရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ စုစုပေါင်းရောဂါဝေဒနာရှင် ၂၁၂ ဦးအား ကျန်းမာရေးစစ်ဆေးကုသပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာခုနစ်ဦးကို တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စစ်သည်တစ်ဦးအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူနှစ်ဦးက ဓားဖြင့်ဝင်ရောက်တိုက်ခိုက်သဖြင့် ပစ်ခတ်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ကျားခေါင်းတောင်ကျေးရွာ အရှေ့တောင်ဘက် မီတာ ၈၀၀ အကွာခန့်ရှိ တောင်ကုန်းသို့အရောက် သစ်ပင်၏ အနောက်ဘက်တွင် ပုန်းအောင်းနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ဦးက အရိုး ၁၀ လက်မ၊ အသွား ၁၂ လက်မရှိ ဓားဖြင့် တပ်မတော်စစ်ကြောင်းမှ စစ်သည်တစ်ဦးအား ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရန် ပြေးဝင်လာရာ ရပ်တန့်ရန် အော်ဟစ်တားမြစ်သော်လည်း ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ပြေးဝင်လာ၍ သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ရှင်းလင်းခဲ့ရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူနှစ်ဦးအနက် မလာဒီမာမွတ်(ဘ) ဆော်ကီအာပတ်ဆိုသူမှာ ကျည်ထိမှန်သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ မြောက်ဘက် တောင်ကြောအတိုင်း ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




# ချင်းတွင်းမြစ်အတွင်း နစ်မြုပ်ခဲ့သည့် အမြန်ရေယာဉ်အား ပြန်လည်ဆယ်ယူ

**နေပြည်တော် အောက်တိုဘာ ၁၉**

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသည့် အေးငြိမ်းချမ်းသာ အမြန်ရေယာဉ်အသင်းမှ ရေယာဉ်မောင်း ဦးဇော်မျိုးဝင်းမောင်းနှင်သည့် အောင်စိုးမိုးကျော် အမြန်ရေယာဉ်သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်ကြား မိကျောင်းတွင်းကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့ရာ ယနေ့အထိ ခရီးသည် ၁၅၉ ဦးနှင့်အတူ ရေယာဉ်အကူလုပ်သားလေးဦး၊ စုစုပေါင်း ၁၆၃ ဦး အသက်ရှင်လျက် ပြန်လည်ဆယ်ယူကယ်တင်နိုင်ခဲ့ပြီး အမျိုးသားအလောင်း ၁၁ လောင်းနှင့်အမျိုးသမီးအလောင်း ၃၄ လောင်းတို့ကို ဆယ်ယူရရှိခဲ့သည်။



**ချင်းတွင်းမြစ်အတွင်း နစ်မြုပ်ခဲ့သည့် အမြန်ရေယာဉ်အား ပြန်လည်ဆယ်ယူထားမှုကို တွေ့ရစဉ်။**

အဆိုပါ အမြန်ရေယာဉ်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်ဒေသခံကျွမ်းကျင်ရေလုပ်သားများ ပူးပေါင်း၍ တွဲတွန်းစက်လှေကြီးလေးစင်း၊ ကရိန်းဘောဇက် သုံးစင်း၊ ကရိန်းဘောနှစ်စင်းတို့ဖြင့် ဆယ်ယူခဲ့ရာ ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် အမြန်ရေယာဉ်အား ရေပြင်ပေါ်သို့ ၆ ပေခန့် ဆယ်ယူမတင်နိုင်ခဲ့ပြီး အမြန်ရေယာဉ်အတွင်းခန်းများ၌ပိတ်မိသေဆုံးနေသောအလောင်းများနှင့် ပစ္စည်းများအား ဆယ်တင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေယာဉ်သည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ခရီးသည်များတင်ဆောင်ပြီး ဟုမ္မလင်းမြို့မှ မုံရွာမြို့သို့ ထွက်ခွာလာစဉ် မိကျောင်းတွင်းကျေးရွာအနီး၌ တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Senior General Min Aung Hlaing signs book of condolences for demise of His Majesty King of Thailand

**Nay Pyi Taw October 19**

Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Lt-Gen Hsan Oo of the Office of the Commander-in-Chief (Army), Commander of Yangon Command Maj-Gen Myo Zaw Thein and officials, arrived at the Thai Embassy to Myanmar this morning. The Senior General and party were welcomed by Ambassador of Thailand to Myanmar H.E. Mr. Pisanu Suvanajata, military attachés (Army, Navy and Air Force) of the Royal Armed Forces and embassy officials.

Then, the Senior General signed the book of condolences for the demise of His Majesty King Bhumibol Adulyadej of Thailand at the Thai Embassy at 10 am.

Afterwards, the Senior General spoke words of condolences to the Ambassador of Thailand to Myanmar, military attachés (Army, Navy and Air Force) of the Royal Armed Forces and officials at the parlour of the embassy. *100*



Senior General Min Aung Hlaing speaks words of condolences for demise of His Majesty Thai King to Thai Ambassador to Myanmar H.E.Mr.Pisanu Suvanajata.

# Tourism industry needs annual injection of US$-20 million: Travel Association

**Yangon October 19**

Myanmar tourism industry needs minimum annual injection of US $-20 million by the government, said Union of Myanmar Travel Association.

"The industry has become alive and kicking over the past few years compared to the past. But much remains to be done to attract more travellers. We need at least US$-20 million government subsidy annually. And we will press the demand," said chairman of the association U Thet Lwin Toe.

But the government alone will not be able to develop the industry, tour operators have to cooperate in the efforts also, said Daw Sabei Aung, owner of Nature Dream Travels and Tour.

"Our country is poor. We just can't rely on the government alone, but big tour operators should incur the expenses rather than asking government subsidies," she said.

However, neighbouring country Thailand, one of the most popular tourist destinations in Asia, receives around US$-100 million government subsidy annually, according to the Union of Myanmar Travel Association.

"The Thai Government provides strong support for development of tourism industry there," said U Thet Lwin Toe.

In 2015-2016, Myanmar received around five million foreign travellers, including tourists and those who came for business purpose and so on, according to the Union of Myanmar Travel Association.

Peace and stability is also a factor for development of tourism, said the association. *MMK*

# ADB gives help for development of socioeconomic status in Mon State

**Yangon October 19**

The Asia Development Bank will provide US$-3 million to the Mon State to generate more income to the locals and develop tourism industry, according to the Ministry of Hotels and Tourism.

"The ADB is implementing to alleviate poverty and to develop all-round development across the country at present. The current project in Mon State aims to generate more income by creating job opportunities and to support tourism industry in the region," said U Houk Kyan Mone, deputy director of the Ministry of Hotels and Tourism.

The project includes producing high-quality handicrafts and preserved foods in the villages of Mawlamyine, Mudone, Kyaikhto and Chaungsone townships for generation of more income to the locals.

The officials from the ADB made ground surveys in respective townships in November 2014 to implement the project and signed the agreement to provide help for the implementation of the project in May 2016.

The duration of the project is three years and, at present, the administrative matters have been started to implement the project, according to the Ministry of Hotels and Tourism. *Aung*

# Yangon Government not to allow coal-fired power plant in Yangon's Kyauktan

**Yangon October 19**

Yangon Region Government will not allow the proposed coal-fired power plant in Zwebagon Village in Kyauktan Township, according to the Region Minister for Electricity, Industry and Transportation Daw Nilar Kyaw.

